Sheet 05 Sept 2013 Thursday

# PLANET EVENING newssheet



## Galaxy Gear နှင့် Galaxy Note 3 တို့ကို Samsung မိတ်ဆက်

PAGE008

## ဆီးရီးယားကို စစ်ရေးအရ အရေးယူမည့်အစီအစဉ်ကို အမေရိကန်လွှတ်တော်အမတ်များ ထောက်ခံ

PAGE014

## ကင်မရာစွမ်းဆောင်ရည် အလွန်မြင့်မားသည့် Xperia Z1 စမတ်ဖုန်းကို Sony မိတ်ဆက်

PAGE012

INFORMATIONMATRIX
INNOVATING FOR THE FUTURE

# SHEET 05 CONTENTS
# SEPTEMBER 2013

## entertainment

004 Vanity Fair ၏ နှစ် ၁၀၀ ပြည့် အထူးထုတ်မျက်နှာဖုံးရှင် ဖြစ်ခွင့်ရခဲ့သည့် ကိတ်အပ်တန်
006 MTV ဆုပေးပွဲ ဖျော်ဖြေမှုအပေါ် ဝေဖန်မှုများအား စိတ်မဝင်စားဟု မိုင်လီဆိုင်းရပ်စ်ပြောကြား
006 ၉ လကြာတွဲခဲ့သည့် ချစ်သူနှင့် စေ့စပ်လိုက်သည့် စကားလက်ဂျိုဟန်ဆန်
007 လန်ဒန်တွင် အစားကောင်း အသောက်ကောင်းပေါ်လွန်း၍ ဒုက္ခတွေ့နေသည့် ကယ်လီဘရွတ်ခ်

## cover story

008 Galaxy Gear နှင့် Galaxy Note 3 တို့ကို Samsung မိတ်ဆက်

## sport

010 ရီးယဲလ်တွင် ဘေးလ်အတွက် ပွဲထွက်နေရာ အာမခံချက်မရှိဟု လက်ထောက်နည်းပြ သတိပေး
010 အိုဇေးလ်ကို အာဆင်နယ်ထံ မရောင်းဖြစ်ရန် ရီးယဲလ်ကို စပါးဥက္ကဋ္ဌ ကန့်ကွက်အရေးဆိုခဲ့
011 ဖယ်လိုင်နီကို ယူနိုက်တက် ခေါ်ယူခဲ့မှုအား အူစိန်ဘော့တ် ကြိုဆို
011 ဘာစီလိုနာ၏ကမ်းလှမ်းမှုကို ငြင်းဆန်ကာ ချယ်လ်ဆီးတွင်ဆက်နေခဲ့ကြောင်း လုဇ်အတည်ပြု

## technology

012 ကင်မရာစွမ်းဆောင်ရည် အလွန်မြင့်မားသည့် Xperia Z1 စမတ်ဖုန်းကို Sony မိတ်ဆက်

## world

013 ဗြိတိန်လွှတ်တော် အစည်းအဝေးများအတွင်း ညစ်ညမ်းဝက်ဘ်ဆိုက် ကြည့်ရှုမှုများ ရှိနေခဲ့
013 စင်္ကာပူ၏ ရေလိုအပ်ချက် နှစ် ၅၀ အတွင်း ၂ ဆတိုးမည်
013 G-20 စီးပွားရေးဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲ ယနေ့စတင်
014 တရုတ်နိုင်ငံမှ ကလေးငယ်တစ်ဦး မျက်လုံးဖောက်ထုတ်ခံရမှုတွင် အဒေါ်ဖြစ်သူကို တရားခံအဖြစ် ရဲများယူဆ
014 ဆီးရီးယားကို စစ်ရေးအရ အရေးယူမည့်အစီအစဉ်ကို အမေရိကန်လွှတ်တော်အမတ်များ ထောက်ခံ
015 ကမ္ဘောဒီးယားတွင် အထည်ချုပ်စက်ရုံအလုပ်သမား ၇၀၀ အလုပ်ထုတ်ခံရသဖြင့် ဆန္ဒပြမှုများပေါ်ပေါက်
015 ယနေ့သတင်းတိုများ

## business

016 2013 BMW i8 Concept ကားကို စတင်မိတ်ဆက်မည်

## life

017 အာဏာရှင်၏ နောက်ဆုံးနေ့ရက်များ ပြတိုက်



# MESSAGE FROM THE EDITOR

w. www.planet.com.mm    s. www.facebook.com/planetmyanmar    m. HTC BlinkFeed(Planet Myanmar)

PLANET EVENING NEWSSHEET ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ညနေခင်းတွင် ထုတ်ဝေလျှက် ရှိပါသည်။ www.planet.com.mm/evening တွင် အခမဲ့ Download လုပ်ယူနိုင်ပါသည်။

ဝေဖန်အကြံပြုလိုပါက planetmyanmarevening@gmail.com သို့ စာရေးသားပေးပို့နိုင်ပါသည်။

planet evening

## contact


### editors & contributors

Planet Evening NewsSheet Team
PLANETMYANMAREVENING@GMAIL.COM

### design

Planet Evening NewsSheet Team
PLANETMYANMAREVENING@GMAIL.COM


### advertising

Ph : 01-512 887

### subscription

WWW.PLANET.COM.MM/PDF.CFM

### our links

www.planet.com.mm
www.facebook.com/planetmyan-mar
www.twitter.com/planetnewsdaily

### published by

INFORMATIONMATRIX
INNOVATING FOR THE FUTURE



ကမ္ဘာကျော်ဖျော်ဖြေရေးမဂ္ဂဇင်းကြီး Vanity Fair သည် မဂ္ဂဇင်း တိုက်ရပ်တည်မှု သက်တမ်းနှစ် ၁၀၀ ပြည့် အထူးထုတ်အတွက် ကိတ်အပ်တန်ကို အထူးတလည် ရွေးချယ်ခဲ့သည်။

ကိတ်သည် ၁၉၁၃ ခုနှစ်က စတင်တည်ထောင်သည့် မဂ္ဂဇင်း ကြီး၏ ဂုဏ်ယူဖွယ်ရာ အထူးထုတ် မျက်နှာဖုံးရှင်အဖြစ် ဓာတ်ပုံ ရိုက်ပေးခွင့်ရခဲ့ရာ ပထမဆုံး မဂ္ဂဇင်းမျက်နှာဖုံးပုံရိပ်၏ ခေတ် ဟောင်းရိပ်လွှမ်းသော ဖက်ရှင်ဖြင့် ညို့ချက်ပြင်းပြင်း ကိုယ်ဟန် ပြပေးခဲ့သည်။ အသက် ၂၁ နှစ်ရှိ ကိတ်သည် လက်ထဲတွင်မွေးနေ့ ကိတ်မုန့်ကိုကိုင်ကာ ဆွဲဆောင်မှုရှိသည့် ရွှေရောင် အတွင်းခံ ဝတ်စုံဖြင့် ဓာတ်ပုံအရိုက်ခံထားခြင်းဖြစ်သည်။ Vanity Fair သည် အထူးထုတ် မဂ္ဂဇင်းအတွက် ထင်ရှားသော စာရေးဆရာများ၊ ဓာတ်ပုံဆရာများကို ဖိတ်ကြားအသုံးပြုခဲ့သလို ကိတ်၏ဓာတ်ပုံကို အသက်အဝင်ဆုံး ရိုက်ကူးပေးနိုင်ရန် နာမည်ကျော် ဓာတ်ပုံဆရာ အန်နီလီဘိုဗစ်ဇ်ကို တာဝန်ပေးခဲ့သည်။

ကိတ်သည် ၁၉၁၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ထုတ် Dress & Vanity Fair မဂ္ဂဇင်း မျက်နှာဖုံးပုံရိပ်ကိုပြန်လည်ကိုးကား ကာ ဓာတ်ပုံအရိုက်ခံခဲ့ခြင်းဖြစ်သည်။ Vanity Fair ၏ အယ်ဒီတာ ဂရေဒန်ကာတာက “ခေတ်တွေအများကြီး ကျော်ဖြတ်ပြောင်းလဲပြီး ချိန်မှာ ဒီလို ပထမဆုံးမဂ္ဂဇင်းမျက်နှာဖုံး အငွေ့အသက်မျိုးကို ပြန် ဖော်ကျူးရတာ တစ်မျိုးတော့ ထူးခြားနေပါတယ်” ဟု မှတ်ချက် ပြုခဲ့သည်။ ယခုအထူးထုတ် မဂ္ဂဇင်းတွင် ဖြတ်သန်းခဲ့သည့် သမိုင်း တစ်လျှောက် အထင်ကရ ဖြစ်ခဲ့သည့် ဆောင်းပါးများ၊ မှတ်တမ်း များနှင့် ဓာတ်ပုံများကိုပါ ပြန်လည်ဖော်ပြထားခဲ့ကြောင်း သိရှိရ သည်။

# Vanity Fair ၏

# နှစ် ၁၀၀ ပြည့် အထူးထုတ်မျက်နှာဖုံးရှင်

## ဖြစ်ခွင့်ရခဲ့သည့်

# ကိတ်အပ်တန်




> ခေတ်တွေအများကြီး ကျော်ဖြတ်ပြောင်းလဲပြီးချိန်မှာ ဒီလို ပထမဆုံး မဂ္ဂဇင်းမျက်နှာဖုံး အငွေ့အသက်မျိုးကို ပြန်ဖော်ကျူးရတာ တစ်မျိုးတော့ ထူးခြားနေပါတယ်



# MTV ဆုပေးပွဲ ဖျော်ဖြေမှုအပေါ် ဝေဖန်မှုများအား စိတ်မဝင်စားဟု မိုင်လီဆိုင်းရပ်စ်ပြောကြား



သူမ၏ MTV ဗီဒီယိုဂီတ ဆုပေးပွဲ အခမ်းအနား ဖျော်ဖြေမှုနှင့် ပတ်သက်ပြီး ဝေဖန်နေကြခြင်းကို စိတ်မဝင်စားကြောင်း မိုင်လီဆိုင်းရပ်စ်က ပြောကြားခဲ့သည်။

မိုင်လီ၏ ဖျော်ဖြေမှုသည် ရိုင်းပြရဲတင်းလွန်းကြောင်း ဝေဖန်မှုများ ထွက်ပေါ်ခဲ့သည့်တိုင် Hannah Montana ကြယ်ပွင့်ဟောင်းက မက်ဒေါနားနှင့် ဘရစ်တနီ စပီးယားစ်တို့သည်လည်း လူငယ်ဘဝမှ စတင်နိုးကြား တက်လှမ်းချိန်တွင် အလားတူ ဖြတ်သန်းမှုမျိုး ရှိခဲ့ဖူးကြောင်း တုံ့ပြန်ခဲ့သည်။ We Can't Stop စတား အဆိုတော်သည်ပြီးခဲ့သည့်လက ရော်ဘင်သစ်ကီနှင့်အတူ နယူးယော့ခ်တွင် ဖျော်ဖြေခဲ့ရာ အသားကပ်ဝတ်စုံအကျပ်နှင့် ရမ္မက်ဆန် နှိုးဆွလွန်းသော လှုပ်ရှားမှုများကြောင့် လူပြောသူပြော များခဲ့သည်။

MTV နှင့်အင်တာဗျူးတွင် မိုင်လီက "မကောင်းမြင် မှတ်ချက်စကားတွေနဲ့ ပတ်သက်ပြီး ကျွန်မကတော့ စိတ်ရှုပ်ခံစဉ်းစားနေမှာ မဟုတ်ဘူး။ ဘာလို့လဲဆိုတော့ ဒီဖျော်ဖြေမှုက အလုပ်ဖြစ်တယ်ဆိုတာ သိခဲ့လို့ပါပဲ။ Pop ဂီတ သီချင်းတစ်ပုဒ်ကို ဒီလိုတင်ဆက် ဖျော်ဖြေပုံမျိုးတွေ ဘယ်လောက်များခဲ့ပြီးပြီလဲ။ ဘာတွေဖြစ်ခဲ့တယ်ဆိုတာလူတိုင်းသိတယ်။ မက်ဒေါနား ဒီလိုဖျော်ဖြေခဲ့တယ်။ဘရစ်တနီလည်း တူတူပဲ။ MTV ရဲ့ဗီဒီယိုဂီတ ဆုပေးပွဲတိုင်းမှာ ဒီလိုမျိုးပုံစံနဲ့ တစ်ယောက်ယောက်ကတော့ ဖျော်ဖြေခဲ့တာချည်းပဲလေ" ဟုပြောကြားခဲ့သည်။

သူမက"ကိုယ်ကလူပြောသူပြောများမယ့် အကြောင်းအရာတစ်ခုကို သမိုင်းတွင်စေချင်တယ် မဟုတ်လား။ ကျွန်မနဲ့ ရော်ဘင်လည်း ခုဆိုရင်တစ်ချိန်လုံးပြောဆိုနေရမယ့် အကြောင်းအရာတစ်ခုကို လုပ်ပြခဲ့ပြီးပြီ။ ခုဆို ကိုယ်က သမိုင်းဝင် ဖျော်ဖြေမှုတစ်ခု လုပ်ပြခဲ့ပြီဆိုတာ သေချာသိသွားပြီ။ ဒါပဲမဟုတ်လား" ဟုလည်းဆိုသည်။ မက်ဒေါနားနှင့် ဘရစ်တနီတို့သည် ၂၀၀၃ ခုနှစ်က ယခုဆုပေးပွဲ ဖျော်ဖြေမှုအစီအစဉ်တွင် အချင်းချင်း နမ်းရှုပ်ပြခဲ့ဖူးပြီး ထိုစဉ်ကလည်း လူအများ ဝေဖန်စရာဖြစ်ခဲ့သေးသည်။

# ၉ လကြာတွဲခဲ့သည့် ချစ်သူနှင့် စေ့စပ်လိုက်သည့် စကားလက်ဂျိုဟာန်ဆန်



စကားလက်ဂျိုဟာန်ဆန်အနေဖြင့် သူမနှင့် ၉ လကြာ တွဲလာသည့် ချစ်သူ ရိုမိန်းဒူရီရက်၏ လက်ထပ်ရန် ခွင့်ပန်မှုကို လက်ခံထားပြီးဖြစ်ကြောင်း သိရှိရသည်။

ဩဂုတ်လကုန်ပိုင်းက ရိုမိန်းက စကားလက်ကို လက်ထပ်ခွင့် တောင်းခဲ့ပြီး Under the Skin စတားမင်းသမီးက လက်သင့်ခံ ခေါင်းညိတ်ခဲ့ကြောင်း People မဂ္ဂဇင်းက ဖော်ပြခဲ့သည်။ "သူတို့နှစ်ယောက် စေ့စပ်ပြီးပါပြီ။ နှစ်ယောက်လုံး ဒီအတွက် ပျော်နေကြတယ်လေ" ဟု စကားလက်နှင့်ရင်းနှီးသူတစ်ဦးကဆိုသည်။ အသက် ၂၈ နှစ်ရှိ မင်းသမီး၏ ကိုယ်ရေးအရာရှိကမူ အဆိုပါကိစ္စကို တစ်စုံတစ်ရာမှတ်ချက်မပေးခဲ့ချေ။ လတ်တလောတွင် စကားလက်သည် Under The Skin ဇာတ်ကားသစ်အတွက် Promotion အစီအစဉ်တွင် ပါဝင်ရန် ဗင်းနစ်ရုပ်ရှင်ပွဲတော်သို့ရောက်ရှိနေခဲ့သည်။

စကားလက်သည် ဗင်းနစ်တွင် ပြင်သစ်သား ချစ်သူ၏ ရွေးချယ်ဝယ်ယူမှုဖြစ်သော ရှေးလက်ရာ စေ့စပ်လက်စွပ်ကို ဂုဏ်ယူစွာ ဝတ်ဆင်လာခဲ့သည်။

Avengers စတား မင်းသမီးသည် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလကသူငယ်ချင်းများ မိတ်ဆက်ပေးမှုဖြင့် စတင်သိကျွမ်းကာ ချစ်သူများဖြစ်လာကြသည်။ ထိုစဉ်က စကားလက်သည် ချစ်သူဟောင်း နိတ်တေလာနှင့် လမ်းခွဲပြီးကာစ ဖြစ်သည်။ ဖေဖော်ဝါရီလက စကားလက်သည် ရွှေကွပ်ထားသည့် ပတ္တမြားလက်စွပ်တစ်ကွင်း ဝတ်ဆင်ခဲ့သော်လည်း ထိုစဉ်က သူမ၏သူငယ်ချင်းများကယင်းသည် စေ့စပ်လက်စွပ် မဟုတ်ကြောင်း ငြင်းဆိုခဲ့ကြသည်။ အသက် ၃၀ အရွယ်ရှိ ရိုမိန်းနှင့် စကားလက်တို့အနေဖြင့် မည်သည့်အချိန်တွင် လက်ထပ်ရန် စီစဉ်ထားသည်ကိုမူ မသိရသေးချေ။

စကားလက်သည် ယခင်က ကနေဒါရုပ်ရှင်မင်းသား ရိုင်ယန်ရေးနိုးလ်နှင့် လက်ထပ်ခဲ့ဖူးပြီး အိမ်ထောင်သက်သည် ၂၀၀၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်ထိသာ ကြာမြင့်ခဲ့သည်။ Green Lantern စတား ရိုင်ယန်သည် ယခုအခါတွင်မူ ဘလိတ်ခ်လိုက်ဗ်လေနှင့် လက်ထပ်ထားပြီ ဖြစ်သည်။

# လန်ဒန်တွင် အစားကောင်း အသောက်ကောင်းပေါလွန်း၍ ဒုက္ခတွေ့နေသည့်

# ကယ်လီဘရွတ်ခ်



အစားကောင်း အသောက်ကောင်း ပေါများလွန်းခြင်းသည် လန်ဒန်မြို့ကို သူမ စိတ်ပျက်သည့် အဓိက အကြောင်းရင်းတစ်ခုဟု ကယ်လီဘရွတ်ခ်က နောက်ပြောင် ပြောကြားလိုက်သည်။

လန်ဒန်တွင် နေထိုင်ချိန်တွင် မကြာခဏ အပြင်ထွက်လည်ကာအစားအသောက် များ ဝယ်ယူစားသောက်ခြင်းကြောင့် ခန္ဓာကိုယ် အလေးချိန်တိုးလာကြောင်းလည်း သူမက ဝန်ခံသည်။ Piranha 3D စတား မော်ဒယ်လ်မင်းသမီးက လန်ဒန်တွင် အရသာရှိသလောက် ကယ်လိုရီပါဝင်မှု ပမာဏ မြင့်မားလှသည့် အစားအသောက် ပေါများလွန်းပြီး ယင်းသည် သူမ၏ ခန္ဓာကိုယ်အလှ ထိန်းသိမ်းရန်အားထုတ်မှုများကို ခက်ခဲပင်ပန်းအောင် လှုံ့ဆော်နေကြောင်း ဖွင့်ဟပြောဆိုခဲ့သည်။ ကယ်လီသည် မကြာသေးမီ နှစ်ပိုင်းကမှ ကယ်လီဖိုးနီးယားကိုစွန့်ခွာကာ လန်ဒန်တွင် အခြေချနေ ထိုင်လာခဲ့သည်။

သူမက "ခုဆိုရင် ကျွန်မအနေနဲ့ ဘီကနီဝတ်လိုက်တိုင်း ကိုယ့်ကိုယ်ကိုယ် သိပ် ယုံကြည်မှု မရှိတော့သလိုပဲ။ ကျွန်မက လန်ဒန်မြို့လယ်မှာ လွန်ခဲ့တဲ့ ၂ နှစ်ကတည်း က အခြေချပြီး နေဖြစ်ခဲ့ပါတယ်။ ဒီအပြောင်းအလဲက ကျွန်မရဲ့ ခန္ဓာကိုယ် အချိုး အစားကို အများကြီး သက်ရောက်စေတယ်လို့ထင်တယ်။ လန်ဒန်မှာက ညစာစားပွဲ တွေ၊ ကော့တေးလ်ပါတီတွေ အားလုံးက အင်မတန် ဆွဲဆောင်မှုရှိတယ်လေ။ ကယ်လီဖိုးနီးယားမှာတုန်းက ကျွန်မဟာ ကမ်းခြေပိုင်းမှာ ပိုအနေများတယ်။ ဒီတော့ ဘီကနီဝတ်လိုက်တာနဲ့ ခန္ဓာကိုယ်အချိုးအစားကို ချက်ချင်းသတိပြုမိပြီး နိုးနိုးကြား ကြားဖြစ်နေတယ်" ဟု ရယ်ရယ်မောမော မှတ်ချက်ပြုခဲ့သည်။

အသက် ၃၃ နှစ်ရှိ ကယ်လီသည် မကြာသေးမီကမှ ချစ်သူ ဒန်နီကာပရီရာနီနှင့် လမ်းခွဲခဲ့သူ ဖြစ်သည်။ သူမအနေဖြင့် လတ်တလောတွင် အသည်းကွဲဝေဒနာကို အစားအသောက်နှင့် ဖြေသိမ့်နေဟန် တူသည်။ "ကျွန်မကလည်း ခပ်ဆိုးဆိုး မိန်းကလေးပါပဲ။ ချိစ်ရယ်၊ ချော့ကလက်ရယ်၊ ဝိုင်နီရယ်ကို အရမ်းကြိုက်တယ်။ တစ်ခါတစ်လေကျတော့လည်း ဘာမှ မချင့်ချိန် မတွက်ဆဘဲ စားချင်တာတွေ လျှောက်စားမိပြန်တယ်။ ကျွန်မအကြိုက်ဆုံးကတော့ ဆော်လ်မွန်ငါးကင်နဲ့ ဂရိရိုးရာ အသုပ်စုံပါပဲ" ဟုလည်း ကယ်လီက တက်တက်ကြွကြွ ပြောဆိုသွားသည်။



# COVER STORY



## Galaxy Gear နှင့် Galaxy Note 3 တို့ကို Samsung မိတ်ဆက်

Samsung ကုမ္ပဏီသည် ၎င်းတို့၏ မဟာဗျူဟာမြောက် ထုတ်ကုန်များအဖြစ် Galaxy Gear စမတ်လက်ပတ်နာရီနှင့် Galaxy Note 3 စမတ်ဖုန်းတို့ကို မိတ်ဆက်လိုက်ပြီဖြစ်သည်။

ဂျာမနီနိုင်ငံ၊ ဘာလင်မြို့တွင်ကျင်းပသည့် IFA ကွန်ဖရင့်တွင် Samsung ၏ ကာလရှည်ကြာ သတင်းကြီးနေသည့် စမတ် လက်ပတ်နာရီ Galaxy Gear ကို ပထမဆုံးအကြိမ်ပြသခဲ့သည်။ တောင်ကိုရီးယားနည်းပညာ လုပ်ငန်းစုကြီးအနေဖြင့် ဈေးကွက်ထဲတွင် စမတ်လက်ပတ်နာရီ ဖြန့်ချိထုတ်ဝေရေး အစီအစဉ်၌ မဟာပြိုင်ဘက်ကြီး Apple ကိုခြေတစ်လှမ်း အသာစီး ရသွားခြင်းလည်းဖြစ်သည်။ Android OS ဖြင့် မောင်းနှင်ထားသည့် Galaxy Gear သည် အခြားသော Android ဖုန်းများနှင့် ချိတ်ဆက်၍ Sync ပြုလုပ် အသုံးပြုနိုင်မည်ဖြစ်သည်။ Samsung၏CEO ဂျေကေရှင်းက "Galaxy Gear ဟာ နည်းပညာနဲ့ဆက်နွယ်တဲ့ ဖက်ရှင်ဖန်တီးမှု တစ်ခုလည်း ဖြစ်လာနိုင်ပါတယ်" ဟုမှတ်ချက်ပြုခဲ့သည်။ ၎င်းက "ဒီနေ့ခေတ်နည်းပညာနယ်ပယ်မှာ ရင်ဆိုင်နေရတဲ့ အခက်အခဲတစ်ခုကို Galaxy Gear က ဖြေရှင်းပေးပါလိမ့်မယ်။ စမတ်ဖုန်းတွေက အရမ်း အရွယ်အစားကြီးလာသလို ခိုးယူခံရဖို့ လွယ်နေတာမျိုးတွေပါ။ ခုဆို ဖုန်းတွေက အနည်းဆုံး Screen အကျယ် ၅ လက်မလောက် သုံးလာကြတယ်။ Galaxy Gear ရှိလာရင်တော့ ကျွန်တော်တို့အနေနဲ့ ဖုန်းကို အိတ်ထဲက ထုတ်လိုက်ထည့်လိုက်လုပ်ရတဲ့ ပြဿနာမျိုး ကင်းဝေးသွားပြီ မဟုတ်လား" ဟု ပြောကြားခဲ့သည်။

Galaxy Gear သည် ဖုန်းနှင့်ဆက်သွယ်ကာ လိုအပ်သော အချက်အလက်များကို အသုံးပြုသူထံ အချိန်နှင့်တစ်ပြေးပြီ အသိပေးနေမည်ဖြစ်သည်။ Galaxy Gear ကို Galaxy Note 3 နှင့် တိုက်ရိုက် ချိတ်ဆက်ပေးထားပြီး အကယ်၍ email တစ်စောင် Galaxy Gear ထဲရောက်လာချိန်တွင် ယင်းကိုဖွင့်လိုက်ပါက Galaxy Note 3 တွင် ပွင့်နေပြီးသား ဖြစ်လာမည်ဟု သိရသည်။ Galaxy Gear ကို ၂၉၉ ဒေါ်လာမျှဖြင့် ရောင်းချမည်ဖြစ်ပြီး ၁.၆ လက်မအကျယ်ရှိ SuperAMOLED Display ကိုအသုံးပြုထားသည်။ လတ်တလောတွင် Galaxy Gear သည် Galaxy Note 3 နှင့်သာ အဆင်ပြေသေးသော်လည်း အောက်တိုဘာလအတွင်း Galaxy S4 နှင့် Galaxy S3 တို့အတွက်ပါ တွဲဖက်နိုင်ရန် Software ထုတ်ပေးသွားမည်ဟု Samsung က ကတိပြုထားသည်။ Galaxy Gear ကို ဝယ်ယူသူများအနေဖြင့် အရောင် ၆ မျိုး စိတ်ကြိုက်ရွေးချယ်ခွင့်လည်း ရှိနေသည်။

Galaxy Gear ၏ဘက်ထရီသည် တစ်ကြိမ်အားသွင်းလျှင် ၂၅ နာရီ အသုံးခံမည်ဟု ဆိုသည်။ အကယ်၍ ဖုန်းခေါ်ဆိုမှုတစ်ခု ဝင်လာပါက အသုံးပြုသူက လက်ပတ်နာရီကို နားနှင့်ကပ်လိုက်ရုံဖြင့် ဖုန်းဖြေဆိုရန် အသင့်ဖြစ်သွားမည်ဟု သိရသည်။ စမတ်လက်ပတ်နာရီ၏ Speaker နှင့်

Microphone တို့သည် ယင်းကဲ့သို့ ဖုန်းပြောဆိုမှုအတွက် အဆင်ပြေအောင် ဒီဇိုင်းထုတ်ထားသည်။ Galaxy Gear တွင်အသံဖြင့်ထိန်းချုပ်စေနိုင်းနိုင်သည့် စနစ်ကိုလည်း တပ်ဆင်ပေးထားသေးသည်။ ထို့အပြင် Galaxy Gear ၏ လက်ပတ်ကြိုး၌ ကင်မရာငယ်တစ်လုံးကိုလည်း ထည့်သွင်း အားဖြည့်ပေးထား သေးကြောင်း သိရသည်။ Galaxy Gear ကိုမောင်းနှင်ရန် Single-Core 800 MHz Exynos Processor ကိုအသုံးပြုပြီး 1GB RAM ဖြင့်ပံ့ပိုးထားသည်။ Bluetooth စနစ်ချိတ်ဆက်နိုင်ပြီး ဘက်ထရီအဖြစ် 315mAh ပါဝင်လာခဲ့သည်။

Samsung သည် ယခင် Galaxy Note 2 ထက် များစွာ ပိုမိုသာလွန်ကောင်းမွန်သည့် ဖန်တီးမှုဖြင့် Galaxy Note 3 အမျိုးအစား ဖုန်းတစ်ပိုင်း၊ Tablet တစ်ပိုင်းဖြစ်သည့် Phablet ကွန်ပျူတာကိုလည်း မိတ်ဆက်ခဲ့သည်။ "ပထမဆုံးအကြိမ်အဖြစ် ကျွန်တော်တို့ဟာ Galaxy Note 3 ကို ပိုပြီး မျက်စိပသာဒ ဖြစ်စေမယ့်အရောင်တွေ ရွေးချယ်ခွင့်ပေးလိုက်ပါတယ်။ နောက်ပြီး Galaxy Note 3 ဟာ အရင်ထုတ်ကုန်ထက် ပိုပါးလွှာ၊ ပိုပေါ့ပါးပြီး ပိုလည်း စွမ်းဆောင်ရည် မြင့်လာပါလိမ့်မယ်။ ဒီဇိုင်းကလည်း ဆွဲဆောင်မှုအပြည့်နဲ့ လှပါနေပါလိမ့်မယ်" ဟု Samsung ၏ CEO ရှင်းကပြောကြားခဲ့သည်။ Galaxy Note 3 သည် Galaxy Note 2 ထက် ဒီဇိုင်းအနေအထား ပိုမိုလေးထောင့်ကျလာပြီး Samsung ၏အောင်မြင်ပြီးဖြစ်သော Smart Pen ကို ဆက်လက် အသုံးပြုထားသည်။

Galaxy Note 3 ၏ မျက်နှာပြင်အကျယ်သည် Galaxy Note 2 ထက် အနည်းငယ်ပိုကြီးလာပြီး ၅.၇ လက်မအရွယ် ဖြစ်လာသည်။ သို့သော်လည်း အလေးချိန်ကမူ ပို၍ပေါ့ပါးသွားသည်။ ဒီဇိုင်းပိုင်းအရလည်း ပါးလွှာသွားသည်ကို တွေ့ရသည်။ Screen သည် HD အရည်အသွေး ပုံရိပ်ဖော်နိုင်စွမ်းကို ထောက်ပံ့ပေးပြီး Hardware ပိုင်း စွမ်းဆောင်ရည်အားလုံး ယခင်မျိုးဆက်ဟောင်းထက် အစစ အရာရာ သာလွန်လာခဲ့သည်။ Android 4.3 ကို အသုံးပြုထားသော Galaxy Note 3 အတွက် Samsung က Processor ကို ၃ မျိုး ခွဲခြားထုတ်လုပ်ခဲ့သည်။ GSM Version တွင် 1.9 GHz Quad-Core Cortex-A15 နှင့် 1.3 GHz Quad-Core Cortex-A7 တို့ကို ရွေးချယ်နိုင်မည်ဖြစ်ပြီး LTE Version အတွက်မူ 2.3 GHz Quad-Core Krait 400 ကို တပ်ဆင်ပေးထားသည်။

RAM ပမာဏမှာ 3GB ထိမြင့်တက်လာပြီး GPU အထောက်အပံ့အတွက် ARM Mali T628MP6 GPU ကိုဖြည့်တင်းပေးထားသည်။ Storage ပမာဏ အတွက် 32GB နှင့် 64GB နှစ်မျိုးခွဲထားပြီး SSD Card ဖြင့် 64GB ထိ ထပ်မံတိုးမြှင့်နိုင်မည်ဟု သိရသည်။ ကင်မရာမှာ 13 megapixel အရည်အသွေးထိ ရှိလာခဲ့ပြီး Autofocus စနစ်ထောက်ပံ့ပေးပြီး ကြည်လင်ပြတ်သားသော ဓာတ်ပုံနှင့် ဗီဒီယိုများ ရိုက်ကူးနိုင်မည်ဟု သိရသည်။ Samsung သည် Galaxy Gear နှင့် Galaxy Note 3 တို့ကို စက်တင်ဘာလ ၅ ရက်နေ့တွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၄၀ ကျော်၌ စတင်ရောင်းချသွားမည်ဖြစ်သည်။



# ရီးယဲလ်တွင် ဘေးလ်အတွက် ပွဲထွက်နေရာ အာမခံချက်မရှိဟု လက်ထောက်နည်းပြ သတိပေး



ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး မျိုးပေးချေရသည့်တိုင် ဂါရက်သ်ဘေးလ်အတွက် ပွဲထွက်နေရာ အာမခံချက်ရှိမည်မဟုတ်ဟု ရီးယဲလ်မက်ဒရစ်လက်ထောက်နည်းပြ ပေါလ်ကလီးမန့်ကပြောကြားလိုက်သည်။

တော့တင်ဟမ် ဟော့စပါး အသင်းမှ ဝေလလက်ရွေးစင် ဘယ်တောင်ပံကစားသမားကို ရီးယဲလ်က စတာလင်ပေါင် ၈၆ သန်းတန် ကမ္ဘာ့စံချိန်တင်ဈေးနှုန်းမျိုးဖြင့် ဝယ်ယူခဲ့သော်လည်း ဘာနေဗျူးတွင် အမြဲတမ်း ပွဲထွက်နေရာရရန်အတွက် ကိုယ်တိုင်ရုန်းကန်ကြိုးစားရလိမ့်မည်ဟု ကလီးမန့်က သတိပေးခဲ့သည်။ ဘေးလ်သည်နွေရာသီဈေးကွက်ပိတ်ရက်တွင် ရီးယဲလ်နှင့် စာချုပ်ဖြစ်ခဲ့ပြီး ကလီးမန့်က ဘေးလ်အတွက် စိန်ခေါ်မှုများစွာက စောင့်ကြိုနေမည်ဟု သုံးသပ်ခဲ့သည်။

"ရီးယဲလ်မှာက နေရာအားပြိုင်မှုတွေ အရမ်းကို များပြားပါတယ်။ အသင်းမှာ ဘယ်ကစားသမားမှ ဘာအတွက်မှ အာမခံချက် မရနိုင်ပါဘူး" ဟု ကလီးမန့်က မှတ်ချက်ပြုခဲ့သည်။ ၎င်းက "နည်းပြကာလို အန်ဆလော့တီအနေနဲ့ ဘေးလ်ရော၊ တခြားကစားသမားတွေမှာပါရှိနေတဲ့ ကွဲပြားတဲ့စွမ်းရည်တွေကို သင့်တော်အောင် စီမံသုံးစွဲနိုင်စွမ်း ရှိပါတယ်။ ဘာပဲဖြစ်ဖြစ် ဘေးလ်ဟာ နေရာစုံ ကစားတတ်တာ အားသာချက်တစ်ခုပါပဲ။ သူဟာ ဆောက်သမ်တန်မှာ ဘယ်နောက်ခံလူအနေနဲ့ ကစားခဲ့တယ်။ စပါးမှာ ဘယ်ခြမ်းကွင်းလယ်လူ ဖြစ်လာတယ်။ ခုတော့ပိုပြီးအလယ်ထဲဝင်ကစားရနိုင်ပါတယ်။ သေချာတာကတော့ သူက စွယ်စုံရကစားသမားမျိုးပါ" ဟုလည်း ဆိုသည်။

၎င်းက "ရီးယဲလ်အသင်းမှာ ကစားသမားတွေ ဘယ်လိုအံဝင်အောင်ကစားနိုင်မယ်ဆိုတာက စိတ်ဝင်စားစရာပါ။ အသင်းမှာ ကစားသမားသစ်တွေနဲ့ စုဖွဲ့မှုပုံစံသစ် ဖြစ်လာပါပြီ။ ကျွန်တော်တို့ လုပ်ရမှာက ကစားသမားတွေရဲ့ အကောင်းဆုံး အရည်အသွေးတွေကို ထုတ်နုတ်ပြီး အကောင်းဆုံးအသင်းတစ်ခုကို မြန်နိုင်သမျှမြန်မြန် ဖွဲ့စည်းဖို့ပါပဲ" ဟုလည်း ဆက်လက် ပြောကြားသွားခဲ့သည်။



# အိုဇေးလ်ကို အာဆင်နယ်ထံ မရောင်းဖြစ်ရန် ရီးယဲလ်ကို စပါးဥက္ကဋ္ဌ ကန့်ကွက်အရေးဆိုခဲ့



ရီးယဲလ်မက်ဒရစ်အသင်းက မီဆွတ် အိုဇေးလ်ကို အာဆင်နယ်အသင်းထံ ရောင်းချမှုကို တော့တင်ဟမ် ဟော့စပါး အသင်းက လိုက်လံတားဆီးရန်ကြိုးပမ်းခဲ့သေးကြောင်း သတင်းများက ဖော်ပြခဲ့သည်။

စပါးသည် ၎င်းတို့၏ တောင်ပံလူ ဂါရက်သ်ဘေးလ်ကို ဈေးကွက်ပိတ်ရက်တွင် ရီးယဲလ်ထံသို့ ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၈၆ သန်းဖြင့် ရောင်းချခဲ့သည်။ ထိုနေ့တွင်ပင် ရီးယဲလ်ကလည်း ဂျာမန်လက်ရွေးစင် ကွင်းလယ်ဖန်တီးရှင် အိုဇေးလ်ကို စပါး၏ခါးသီးမြို့ခံပြိုင်ဘက်အာဆင်နယ်ထံ စတာလင်ပေါင် ၄၂.၅ သန်းဖြင့် ပြန်လည် ရောင်းထုတ်ခဲ့သည်။ ရလဒ်အနေဖြင့် စပါးက ဈေးကွက်ပိတ်သည့်နေ့တွင် ကမ္ဘာ့အဆင့် ကစားသမားတစ်ဦးကို ဆုံးရှုံးပြီး အာဆင်နယ်က ကမ္ဘာ့အဆင့် ကစားသမားတစ်ဦးကို ဝယ်ယူရရှိသည့် သဘောမျိုး သက်ရောက်သွားသည်။

စပါးဥက္ကဋ္ဌ ဒန်နီလီဗိုင်းသည် အိုဇေးလ်အနေဖြင့် လန်ဒန်သို့ ဦးတည်နေကြောင်း သိရှိလာချိန်တွင် အဆိုပါ အပြောင်းအရွှေ့ကို တားဆီးရန် အလေးအနက် ကြိုးပမ်းခဲ့ကြောင်း သိရသည်။ ရီးယဲလ်သည် ဘေးလ်ကို ဝယ်ယူစဉ်က လီဗိုင်းအား မိမိတို့အနေဖြင့်အိုဇေးလ်ကို ရောင်းမည်မဟုတ်ဟု ကတိခံခဲ့ကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။ သို့သော်လည်း အိုဇေးလ်ကဲ့သို့ ကစားသမားကောင်းတစ်ဦးကို အာဆင်နယ်ထံလက်လွှဲပေးမည်ဟု သတင်းကြားရချိန်တွင် လီဗိုင်းက ရီးယဲလ်ဥက္ကဋ္ဌ ဖလော်ရန်တီနိုပီရက်ဇ်ထံ ချက်ချင်းဆက်သွယ် ကန့်ကွက်ခဲ့ကြောင်း Daily Mail က ဖော်ပြခဲ့သည်။

လီဗိုင်းအနေဖြင့် အိုဇေးလ်၏ အပြောင်းအရွှေ့သည် ရီးယဲလ်က စပါးအပေါ် ကတိကဝတ် ချိုးဖောက်မှုအဖြစ် ခံစားနေရကြောင်းလည်း သိရသည်။ စပါးနှင့် ရီးယဲလ်တို့သည် ပြီးခဲ့သည့်ရာသီကတည်းက လူကာမိုဒရစ် အရောင်းအဝယ်ကိစ္စ ဖြစ်မြောက်ခဲ့ပြီး ကလပ်အသင်း နှစ်ခုကြား အပြောင်းအရွှေ့ကိစ္စများတွင် ညှိနှိုင်းဆောင်ရွက်ရန်သဘောတူညီခဲ့ကြသည်။ စပါးသည် ယခုနွေရာသီတွင် ပေါင်စတာလင် သန်းပေါင်း ၁၀၀ ကျော် အကုန်အကျခံကာ ကစားသမားသစ်များကို ဝယ်ယူခဲ့ပြီးဖြစ်သည်။



## ဖယ်လိုင်နီကို ယူနိုက်တက် ခေါ်ယူခဲ့မှုအား အူစိန်ဘော့တ် ကြိုဆို




မန်ချက်စတာ ယူနိုက်တက် အသင်းက မော်ရိုဖယ်လိုင်နီကို ခေါ်ယူခဲ့မှုကို ထောက်ခံကြိုဆိုကြောင်း အူစိန်ဘော့တ် ကပြောလိုက်သည်။

အင်္ဂလန်ချန်ပီယံအသင်း၏ အမာခံ ပရိသတ်တစ်ဦးလည်းဖြစ်သည့် ကမ္ဘာ့ချန်ပီယံ တာတိုအပြေးသမားသည် ဖယ်လိုင်နီ၏ ဘယ်လ်ဂျီယံလက်ရွေးစင် အသင်းဂျာစီကိုကိုင်မြှောက်ကာ ဓာတ်ပုံ အရိုက်ခံခဲ့ကြောင်း သိရသည်။ မီတာ ၁၀၀ နှင့် မီတာ ၂၀၀ ကမ္ဘာ့အပြေး ချန်ပီယံသည် အိုးလ်ထရက်ဖို့ဒ်ကွင်းကြီး သို့ရောက်ရှိနေစဉ် ယခုကဲ့သို့ ဖယ်လိုင်နီ ဂျာစီကို ကိုင်ဆောင်ကာ ဓာတ်ပုံ အရိုက်ခံခဲ့ခြင်းဖြစ်သည်။ ၎င်းသည်မကြာသေးမီက ယူနိုက်တက်အနေဖြင့် ကွင်းလယ် ကစားသမားတစ်ဦး ဝယ်ယူသင့်ကြောင်း အသင်းမန်နေဂျာ ဒေးဗစ်မိုယက်စ်ကို တောင်းဆို တိုက်တွန်းခဲ့ဖူးသည်။

"မိုယက်စ်ရေ။ ကျွန်တော်တို့တော့ ဖန်တီးမှုစွမ်းရည်မြင့်မားတဲ့ကွင်းလယ်လူ တစ်ယောက်လိုနေပြီ။ ဘောလုံးကို အကောင်းဆုံးဖြန့်ဝေပြီး အခွင့်အရေးတွေ ဖန်တီးပေးတတ်သူမျိုးပေါ့။ ခုကိုလိုနေတာ။ ပွဲတွေကို ပိုထိန်းချုပ်နိုင်ဖို့က အရေးတကြီး လိုနေပါပြီ" ဟု MUTVနှင့် အင်တာဗျူးတွင် ဘော့တ်ကပြောကြားခဲ့သည်။ ၎င်းသည် လတ်တလောတွင် ပြိုင်ပွဲကြီးများနှင့် အတန်ငယ် ကင်းကွာနေပြီး ၂၀၁၆ ခုနှစ်ရီယိုဒီဂျနေရိုအိုလံပစ်တွင်ပါဝင်ယှဉ်ပြိုင်ရန် တိတိကျကျ မဆုံးဖြတ်သေးကြောင်းလည်း သိရသည်။

"ကျွန်တော်ပုံစံကောင်းရနေရင်တော့ အဲဒီပြိုင်ပွဲမှာသွားပြိုင်မှာပါ။ ဒါပေမဲ့ အားကစားလောကမှာအချိန်တော်တော်ကြာကြာ လွှမ်းမိုးပြီးတဲ့နောက်အအောင်မြင်ဆုံးကာလမှာ အနားယူလိုက်တာမျိုးလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်" ဟု ဘော့တ်က မှတ်ချက်ပြုသွားသည်။

## ဘာစီလိုနာ၏ ကမ်းလှမ်းမှုကို ငြင်းဆန်ကာ ချယ်လ်ဆီးတွင် ဆက်နေခဲ့ကြောင်း လုဖ်အတည်ပြု



ဘာစီလိုနာသို့ ပြောင်းရွှေ့နိုင်သည့် အခြေအနေ ရှိခဲ့သော်လည်း ချယ်လ်ဆီးတွင်ဆက်နေရန် မိမိကိုယ်တိုင် ရွေးချယ်ခဲ့ကြောင်း နောက်ခံလူဒေးဗစ်လုဖ်က ထုတ်ဖော် ပြောကြားလိုက်သည်။

ဘာစီလိုနာအသင်းသည်ချယ်လ်ဆီးထံသို့ ပေါင်စတာလင် ၂၁.၅ သန်းတန် ချဉ်းကပ်မှုတစ်ခုပြုလုပ်ခဲ့ပြီး ဘရာဇီးလ် လက်ရွေးစင် ကစားသမားအတွက် ကြိုးစားခဲ့ကြောင်း သတင်းများကဖော်ပြခဲ့သည်။ ဘာစီလိုနာအနေဖြင့် အသက်အရွယ်အရ အကျပိုင်း ရောက်လာသည့် အသင်းခေါင်းဆောင် ကားလက်စ် ပူယိုးလ်နေရာတွင် ရေရှည် အစားထိုးရန် လုဖ်ကို ချိတ်ဆက်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ လုဖ်က မိမိကို ဘာစီလိုနာ ကမ်းလှမ်းခဲ့ကြောင်း အတည်ပြုခဲ့ပြီး ချယ်လ်ဆီးတွင် ဆက်ကစားရန် ယင်းကမ်းလှမ်းမှုကို ပယ်ချခဲ့ကြောင်း ဝန်ခံခဲ့သည်။

Goal.com နှင့် အင်တာဗျူးတွင် လုဖ်က "ဘာစီလိုနာဆီက တရားဝင် ချိတ်ဆက်ကမ်းလှမ်းမှုတစ်ခု ကျွန်တော် လက်ခံရရှိခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော် ငြင်းခဲ့တယ်။ အဲဒါက ချယ်လ်ဆီးမှာပဲ ဆက်နေဖို့ကျွန်တော်ဆုံးဖြတ်ထားလို့ပါ" ဟု ပြောကြားခဲ့သည်။ ၎င်းသည် လတ်တလောတွင် လက်ရွေးစင် အသင်းနှင့်အတူ ရှိနေသည်။ လုဖ်က "ကျွန်တော့်အတွက်ကတော့ လက်ရွေးစင်မှာ ကိုယ်စားပြုခွင့်ရတာရော၊ ထိပ်တန်း ကလပ်အသင်းကြီး တစ်ခုအတွက် ကစားခွင့်ရနေတာရောက ကျေနပ်စရာပါပဲ" ဟုလည်း ဖွင့်ဟသွားခဲ့သည်။



# ကင်မရာစွမ်းဆောင်ရည် အလွန်မြင့်မားသည့် Xperia Z1 စမတ်ဖုန်းကို Sony မိတ်ဆက်




ကင်မရာကို အားပြုတည်ဆောက်သည့် မိုဘိုင်းလ်ဖုန်းအဖြစ် Xperia Z1 ကို Sony က မိတ်ဆက်ပြသလိုက်ပြီဖြစ်သည်။

ရှင်းလင်းပြတ်သားပြီး အရောင်အသွေး စိုပြေလှပသော ဓာတ်ပုံများ ရိုက်ကူးနိုင်ရန် ရည်ရွယ်ထားသည့် Xperia Z1 သည် အထင်ကြီးလောက်ဖွယ်ရာ ကင်မရာ အရည်အသွေး 20.7 megapixel ဖြင့် ပွဲထွက်လာခဲ့သည်။ ထို့အပြင် ဖုန်းကိုယ်ထည်မှာ ရေစိုခံနိုင်သည့် အမျိုးအစားဖြစ်ပြီး G Lens ဒီဇိုင်းဖန်တီးမှုဖြင့် ကင်မရာ စွမ်းဆောင်ရည်ကို အမြင့်ဆုံးရောက်ရှိစေမည်ဟု Sony ကဆိုသည်။အဆိုပါဖုန်းသစ်ကို ဂျာမနီနိုင်ငံ၊ ဘာလင်မြို့တွင်ပြုလုပ်သည့် IFA ပြပွဲတွင် စတင်မိတ်ဆက်ခဲ့ခြင်း ဖြစ်သည်။

Sony ၏ မိုဘိုင်းလ်ဖုန်းသည် ဗီဒီယိုများရိုက်ကူးမှုကို Social Network များပေါ် Live Streaming လွှင့်တင်ပြသနိုင်အောင်လည်း ဖန်တီးထားသည်။ Sony သည် ယခုဖုန်းသစ်အပြင် စမတ်ဖုန်းများနှင့် အဆင်ပြေစွာ တွဲဖက်နိုင်မည့် မှန်ဘီလူးနှစ်မျိုးကိုလည်း တစ်ပါတည်း မိတ်ဆက်ခဲ့သည်။ DSC-QX10 နှင့် DSC-QX100 အမျိုးအစား မှန်ဘီလူးများသည် Xperia Z1 ဖုန်းနှင့်ရော၊ ကင်မရာများနှင့်ပါအလွယ်တကူ အဖြုတ်အတပ် ပြုလုပ်အသုံးပြုနိုင်သည်။ ထို့အပြင် အဆိုပါ မှန်ဘီလူးနှစ်ခုလုံး၌ Built-In WiFi ချိတ်ဆက်မှုစနစ် ပါရှိလာခဲ့သည်။

ထို့အပြင် Sony သည် Smartwatch2 စမတ်နာရီ အမျိုးအစားသစ်ကိုလည်း စက်တင်ဘာလကုန်တွင် ရောင်းချမည်ဟု ကြေညာခဲ့သည်။ ယင်းစမတ်နာရီသည်လည်း ရေစိုခံအမျိုးအစားဖြစ်ကြောင်း Sony ၏ CEO ကက်ဇ်ဟီရိုင်က "ကျွန်တော်တို့ဟာ လူတွေ ဘာလိုအပ်နေတယ်ဆိုတာကို အချိန်ယူ စကားပြော လေ့လာခဲ့တာပါ။ Sony ဆီက သူတို့ တောင်းဆိုချင်တာကို အကောင်းဆုံးဖြည့်ဆည်းဖို့ အမြဲတမ်း လုပ်ဆောင်နေတာပါ" ဟုပြောကြားခဲ့သည်။ Sony Xperia Z1 သည် 4G စနစ် ချိတ်ဆက်နိုင်ပြီး ၅ လက်မအကျယ် Display ပါရှိကာ Qualcomm Snapdragon 800 Processor 2.2 GHz Quad-Core ကို CPU အဖြစ် အသုံးပြုထားသည်။ DSC-QX10 နှင့် DSC-QX100 ကင်မရာ မှန်ဘီလူးများမှာမူ Android OS အသုံးပြုထားသည့် ဖုန်းတိုင်းနှင့် အဆင်ပြေပြေ ချိတ်ဆက်နိုင်စေမည်ဟုဆိုသည်။

DSC-QX10 သည် ၁၀၅ ပေါင်လေးပြီး 18.2 Megapixel အာရုံခံစနစ်ပါရှိပြီး G Lens နည်းပညာဖြင့် အားကောင်းသော မြင်ကွင်းချဲ့အား ၁၀ ဆထိ ရရှိနိုင်မည်ဖြစ်သည်။ DSC-QX100 တွင် 1.0-type Exmor R CMOS အာရုံခံကိရိယာ ပါရှိပြီး 20.2 Megapixel အရည်အသွေးရှိနေသည်။ Sony သည် ယခုနှစ် အစောပိုင်းက ကြေညာအသိပေးထားသည့် Smartwatch 2 ကို မကြာမီ ရောင်းချမည်ဟုလည်း အတည်ပြုသွားပြီး ယင်းစမတ်လက်ပတ်နာရီသည် ၁.၆ လက်မအကျယ် LCD Screen၊ အလျူမီနီယံနှင့် ပလပ်စတစ်ရောစပ်ကိုယ်ထည်တို့ ပါရှိကာ Android 4.0 ကို OS အဖြစ် အသုံးပြုထားသည်။ Sony သည် Cyber-Shot RX1R နှင့် RX100M2 ကင်မရာများ၊ VAIO Fir နှင့် VAIO Tap 11 အမျိုးအစား ကွန်ပျူတာသစ်များကိုပါ မိတ်ဆက် ပြသသွားခဲ့သည်။



# ဗြိတိန်လွှတ်တော် အစည်းအဝေးများအတွင်း ညစ်ညမ်းဝက်ဘ်ဆိုက် ကြည့်ရှုမှုများ ရှိနေခဲ့



ဗြိတိန်နိုင်ငံ၊ ဥပဒေပြု လွှတ်တော်၌ အစည်းအဝေးများ ကျင်းပနေစဉ်အတွင်း အင်တာနက်ဖွင့်ပြီး ညစ်ညမ်းဝက်ဘ်ဆိုက်များကို ဝင်ရောက်ကြည့်ရှုရန် ကြိုးစားမှု အများအပြားရှိခဲ့ကြောင်း သိရသည်။

မှတ်တမ်းမှတ်ရာများ ထွက်ပေါ်လာသည့်နောက် ပြီးခဲ့သည့် နှစ်အတွင်း လွှတ်တော်အစည်းအဝေး ကျင်းပနေစဉ်တွင် ညစ်ညမ်းဝက်ဘ်ဆိုက်များသို့ ဝင်ရောက်ရန်ကြိုးပမ်းမှု အကြိမ် ၃၀၀၀၀ မျှ ရှိခဲ့ကြောင်း ဖော်ထုတ်တွေ့ရှိလာသည်။ ယင်းအရေအတွက်သည် လွှတ်တော်အတွင်း တပ်ဆင်ထားသည့် ကွန်ပျူတာများမှ ကြည့်ရှုသည့်ဝက်ဘ်ဆိုက်လိပ်စာများကို ခြေရာခံ အတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။ ပျမ်းမျှအားဖြင့် ညစ်ညမ်းဝက်ဘ်ဆိုက်များသို့ ဝင်ရောက်ကြည့်ရှုမှုသည် တစ်နေ့လျှင် အကြိမ် ၈၀၀ မျှ ရှိတတ်ကြောင်း ဝက်စ်မင်နစ်စတာ နန်းတော် IT နည်းပညာ အကြီးအကဲများက ပြောကြားခဲ့သည်။

ပါလီမန်တွင် ချိတ်ဆက် အသုံးပြုထားသည့် ကွန်ရက်နှင့် ပတ်သက်သော အချက်အလက်များကို ဖော်ထုတ်စုစည်းခဲ့သည့်စာရင်းတွင် အမတ်များ၊ လွှတ်တော်သတင်းယူသူများ အားလုံး၏ ကွန်ပျူတာ မှတ်တမ်းများ ပါဝင်နေသည်။ တာဝန်ရှိသူများက Auto Refresh ဖြစ်ခြင်းကဲ့သို့ အခြေအနေများကြောင့် ဝက်ဘ်ဆိုက်များ ရှာဖွေ အသုံးပြုမှုသည် လက်ရှိစာရင်းပါ အရေအတွက်လောက် များပြားမည် မဟုတ်ဟု ကာကွယ်ပြောဆိုခဲ့သည်။ မည်သို့ပင်ဖြစ်စေ ပါလီမန်အတွင်းရှိကွန်ပျူတာများသည်ညစ်ညမ်းဝက်ဘ်ဆိုက်များကို ချိတ်ဆက် ကြည့်ရှုခဲ့သည်ဆိုခြင်းမှာမူ ငြင်းဆန်၍မရချေ။

"အရမ်းတိကျတဲ့ အချက်အလက်တွေလို့တော့ ကျွန်တော်တို့ မပြောလိုပါဘူး။ ကွန်ရက်ချိတ်ဆက်မှုကနေ ဝက်ဘ်ဆိုက်တစ်ခုကို ကြည့်ရှုလိုက်ပေမယ့် တခြားဝက်ဘ်ဆိုက် တစ်ခုကို Pop-up Windows နဲ့ အလိုလိုဖွင့်လိုက်တာမျိုး၊ ကြားခံ Software တွေကနေ ကိုယ်ဖွင့်လိုက်တာ မဟုတ်တဲ့ ဝက်ဘ်ဆိုက်တွေဆီ ရောက်သွားတာမျိုးတွေလည်း ဖြစ်နိုင်တယ်မဟုတ်လား" ဟု လွှတ်တော်ပြောရေးဆိုခွင့်ရ အမျိုးသမီးတစ်ဦးက ပြောကြားသွားခဲ့သည်။

# စင်္ကာပူ၏ ရေလိုအပ်ချက်

## နှစ် ၅၀ အတွင်း ၂ ဆတိုးမည်

စင်္ကာပူနိုင်ငံ၏ ရေလိုအပ်ချက်မှာ နှစ် ၅၀ အတွင်း လူဦးရေများပြားလာမှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှုတို့နှင့်အတူ လက်ရှိထက် ၂ ဆ တိုးမြင့်လာမည်ဖြစ်ကြောင်း စင်္ကာပူရေအရင်းအမြစ်ဌာန (PUB) ကပြောကြားသည်။ ပြည်ပနိုင်ငံများမှ လာရောက်အခြေစိုက်သည့် လုပ်ငန်းကဏ္ဍများက တိုးမြင့်လာမည့် ရေလိုအပ်ချက်၏ ၇၀ ရာခိုင်နှုန်းကို သုံးစွဲဖွယ်ရှိနေသည်။ ကုမ္ပဏီအဖွဲ့အစည်းများ၏ ရေသုံးစွဲမှုစောင့်ကြည့်ရေး အစီအစဉ် အစိတ်အပိုင်းအဖြစ် PUB သည် ပြီးခဲ့သည့် မတ်လကတည်းက ရေအတွက်သုံးစွဲသည့် ဘဏ္ဍာငွေကို တိုးမြှင့်ခဲ့သည်။

အဆိုပါ ဘဏ္ဍာငွေပမာဏမှာ စင်္ကာပူတွင် ရေအတွက်ကုန်ကျစရိတ်အားလုံး၏ ၉၀ ရာခိုင်နှုန်းကို ကျခံပေးနိုင်မည်ဖြစ်သည်။ PUB သည် ရေအတွက် ဘဏ္ဍာငွေကို ၅၀ရာခိုင်နှုန်းအထိတိုးမြှင့်ခဲ့ခြင်းလည်း ဖြစ်သည်။စင်္ကာပူရှိကုမ္ပဏီအဖွဲ့အစည်းများအနေဖြင့် PUB ဘဏ္ဍာငွေဖြင့် ၎င်းတို့၏ ရေသုံးစွဲမှုစောင့်ကြည့်တိုင်းတာရေးလုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့အတူ ရေအရင်းအမြစ်အသုံးချမှု စီမံကွပ်ကဲရေးစနစ်များ ဆောင်ရွက်နေသည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများအနေဖြင့်လည်း PUB ၏ရန်ပုံငွေကို အသုံးပြုနိုင်မည်ဖြစ်သည်။



breaking news

## G-20 စီးပွားရေးဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲ ယနေ့စတင်




ကမ္ဘာ့နိုင်ငံခေါင်းဆောင်များ တက်ရောက်ကြသည့် G-20 စီးပွားရေးဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲကို ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့ရှိ ကွန်စတန်တိုင်းနန်းတော်တွင် ယနေ့စတင်ကျင်းပသည်။ G-20 ထိပ်သီးဆွေးနွေးပွဲသို့ တောင်အာဖရိက၊ အမေရိကန်၊ ကနေဒါ၊ မက္ကစီကို၊ ဘရာဇီးလ်၊ အာဂျင်တီးနား၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ရုရှား၊ တူရကီ၊ ဂျာမနီ၊ ပြင်သစ်၊ ဗြိတိန်၊ အီတလီ၊ ဆော်ဒီအာရေဗီးယားနှင့် ဩစတြေးလျနိုင်ငံတို့မှ ခေါင်းဆောင်များ တက်ရောက်ကြပြီး ဥရောပသမဂ္ဂအဖွဲ့အစည်းကလည်း တက်ရောက်သည်။ G-20 စီးပွားရေးဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲကို စက်တင်ဘာ ၆ ရက်အထိ နှစ်ရက်ကြာ ကျင်းပပြုလုပ်မည်ဖြစ်သည်။



## တရုတ်နိုင်ငံမှ ကလေးငယ်တစ်ဦး မျက်လုံးဖောက်ထုတ်ခံရမှုတွင် အဒေါ်ဖြစ်သူကို တရားခံအဖြစ် ရဲများယူဆ

တရုတ်နိုင်ငံတွင် ကလေးငယ်တစ်ဦး မျက်လုံးများ ဖောက်ထုတ်ခြင်းခံရမှုတွင် အဓိကတရားခံသည် ကလေးငယ်၏ အဒေါ်ဖြစ်နိုင်ကြောင်း ရဲများကမှတ်ချက်ပြု ပြောကြားလိုက်သည်။

တရုတ်မီဒီယာများက ဂူဘင်ဟု အမည်ဖော်ပြသော ၆ နှစ်သား ကလေးငယ်သည် ပြီးခဲ့သည့်လက နေအိမ်မှ ဆော့ကစားရန် ထွက်ခွာသွားပြီးနောက် မျက်လုံးနှစ်လုံးစလုံး ရက်စက်စွာဖောက်ထုတ်မှုနှင့် ကြုံခဲ့ရသည်။ ကလေးက မိဘနှစ်ပါးကို မိမိအား အမျိုးသမီး တစ်ဦးကတိုက်ခိုက်ခဲ့ကြောင်း ပြန်လည်ပြောဆိုခဲ့ပြီး အစောပိုင်းက ဂူဘင့်ကိုရက်စက်ကြမ်းတမ်းစွာ ပြုမူခဲ့သူသည် လူ့ခန္ဓာကိုယ် အစိတ်အပိုင်း မှောင်ခိုရောင်းဝယ်သူတစ်ဦး၏လက်ချက်ဟု ရဲများကယူဆခဲ့ကြသည်။သို့သော်လည်းသောကြာနေ့ကမှ ကလေးငယ်၏ အဒေါ်ဖြစ်သူ ဖန်ဟီရင်သည် ရေတွင်းတစ်ခုထဲ ခုန်ချသတ်သေသွားပြီးနောက်ပိုင်း ယင်းအမှုကိုစုံစမ်းရင်း ကလေးအပေါ် အကြမ်းဖက်မှုနှင့် ဆက်နွယ်နိုင်သည့်အထောက်အထားများ တွေ့ရှိလာခဲ့သည်။

Xinhua သတင်းဌာနက ရဲတပ်ဖွဲ့သည် မိမိကိုယ်ကိုယ် သေကြောင်းကြံမှုကိုစုံစမ်းရင်း ဖန်၏ အဝတ်အစားများတွင် သွေးများစွန်းပေနေသည်ကိုတွေ့ရှိခဲ့ရ၍ဆက်လက်စစ်ဆေးရာကလေးငယ်ထံမှ သွေးများဖြစ်နေသည်ကို တွေ့ရှိခဲ့ရသည်။ ဂူဘင်လေးကို ရှာဖွေတွေ့ရှိချိန်တွင် မျက်လုံးဟောက်ပက် သွေးအလိမ်းလိမ်းနှင့်ရှိနေခဲ့ပြီး ယခုအခါတွင်မှ ၎င်းသည် ဆေးရုံ၌ အခြေအနေ တည်ငြိမ် ကောင်းမွန်စပြုနေပြီဟု သိရသည်။

ရှန်ဇီရှိ ဖန်ဇီတွင်ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုသည် ဩဂုတ်လ ၂၄ ရက်နေ့က ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ကလေးပျောက်၍ လိုက်ရှာနေသည့် ဂူဘင်၏မိဘများသည် သားဖြစ်သူကို ဒုက္ခိတဘဝဖြင့် ကြေကွဲဖွယ်ရာပြန်လည်တွေ့ရှိခဲ့သည်။

၎င်းသည် အမည်မသိ အမျိုးသမီးတစ်ဦး၏ သွေးဆောင်ခေါ်ယူပြီးမှ တိုက်ခိုက်မှုနှင့်ကြုံခဲ့ရခြင်းဟု ရဲများက သိရှိရသော်လည်း တရားခံကို လိုက်လံ ရှာဖွေရာတွင် လူ့ခန္ဓာကိုယ် အစိတ်အပိုင်း မှောင်ခိုဂိုဏ်းများကို အဓိက ဦးတည်ခဲ့ကြသည်။ အထူးသဖြင့် ကလေး၏ မျက်လုံးနှစ်လုံးမှာ အခင်းဖြစ်ရာ နေရာတွင် ရှိနေခဲ့သော်လည်း မျက်ကြည်လွှာများ ပျောက်ဆုံးနေခဲ့ခြင်းကြောင့် ယင်းမှောင်ခိုဂိုဏ်းများ လက်ချက်ဟု ယူဆခဲ့ခြင်းလည်းဖြစ်သည်။ သို့သော် နောက်ပိုင်းတွင် အခင်းဖြစ်သည့်နေရာနှင့် မလှမ်းမကမ်း၌ မျက်ကြည်လွှာများကို ပြန်လည်တွေ့ရှိပြီးနောက် အမှုမှာ ပိုမိုရှုပ်ထွေးသွားသည်။

ကလေး၏ မိခင်က သေကြောင်းကြံသွားသည့် ညီအစ်မဖြစ်သူနှင့် မိသားစုကြားမည်သည့်ပြဿနာမျှမရှိခဲ့ဟုလည်း ဆိုသည်။ "အဖိုးကိုစောင့်ရှောက်တဲ့ကိစ္စကြောင့် ဖန်နဲ့ ကျွန်မတို့ကြားမှာ ငြင်းခုန်ရန်ဖြစ်ခဲ့တယ်လို့ တချို့က ပြောဆိုနေတာကြားမိတယ်။ ဒါပေမဲ့ အဲဒါက လိမ်ညာတာ သက်သက်ပါပဲ" ဟု သူမကဆိုသည်။ ရဲတပ်ဖွဲ့သည် အမှုနှင့်ပတ်သက်သည့် ကွင်းဆက်များကို ဆက်လံခြေရာခံ ရှာဖွေနေဆဲဖြစ်သည်။

## ဆီးရီးယားကို စစ်ရေးအရ အရေးယူမည့်အစီအစဉ်ကို
# အမေရိကန်လွှတ်တော်အမတ်များ ထောက်ခံ



ဆီးရီးယားကို စစ်ရေးအရ အရေးယူတိုက်ခိုက်မည်ဆိုပါက သမ္မတ ဘာရတ်အိုဘားမားကို ထောက်ခံမှုပေးရန် အမေရိကန် လွှတ်တော်အမတ်များက အတည်ပြု သဘောတူညီလိုက်သည်။

လွှတ်တော် အမတ်များသည် ဓာတုလက်နက် အသုံးပြုတိုက်ခိုက်ခဲ့ကြောင်း စွပ်စွဲချက်များကြောင့် နိုင်ငံတကာတွင် ဝေဖန်ပြစ်တင် ခံနေရသည့် ဆီးရီးယားပြည်တွင်းစစ်၌အမေရိကန်ကပါဝင်လိုက်ခြင်းသည် နတ်မရသော ခြေလှမ်းတစ်ရပ် ဖြစ်သွားမည်ကို စိုးရိမ်ခဲ့ကြသည်။ ယခုအခါတွင်မူ သမ္မတအနေဖြင့် ဆီးရီးယားသမ္မတ ဘာရှာအာဆက်ဒ်ကို စစ်ရေးဖြင့် တိုက်ခိုက်အရေးယူမည်ဆိုပါက ကန့်သတ်ထားသည့် အချက်အလက်များဖြင့် ခွင့်ပြုပေးရန် လွှတ်တော်၌ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။ အမေရိကန် သမ္မတရုံးမှ တာဝန်ရှိသူများက ဘာရှာအာဆက်ဒ်ကို ဆက်ဒမ်ဟူစိန်၊ အဒေါ့ဖ်ဟစ်တလာတို့နှင့် နှိုင်းယှဉ်သုံးသပ်ကာ အရေးယူခွင့်ကို ထောက်ခံမှုပေးရန် လွှတ်တော်အား တိုက်တွန်းခဲ့သည်။ ထို့အပြင် အာဆက်သည် နောက်တစ်ကြိမ် ဓာတုလက်နက်အသုံးပြုတိုက်ခိုက်မှု ရှိလာနိုင်သေးသည်ဟုလည်းထောက်ပြခဲ့သည်။

ဗုဒ္ဓဟူးနေ့က လွှတ်တော်တွင် ဆီးရီးယားအပေါ် အရေးယူရန် သင့်မသင့် ဆွေးနွေးမှုအား မဲခွဲပြီးနောက် ၁၀ မဲ၊ ၇ မဲဖြင့် အဆိုအောင်မြင်ခဲ့သည်။ သို့သော်လည်း ကြိုတင် သဘောတူထားသကဲ့သို့ အမေရိကန်ခြေလျင်တပ်များ ဆီးရီးယားသို့ ဝင်ရောက်မည် မဟုတ်ဘဲ ဒုံးကျည်များဖြင့်သာ အဓိက တိုက်ခိုက်စေမည်ဟုသိရသည်။ အဓိက နိုင်ငံရေးပါတီကြီးနှစ်ခုမှ အမတ်များက အဆိုပါဆုံးဖြတ်ချက်ကို လွှတ်တော်က လာမည့်သီတင်းပတ်တွင် အတည်ပြု လက်ခံပေးမည်ဟု ယူဆလျှက်ရှိသည်။

လွှတ်တော်တွင် တင်သွင်းထားသော အဆိုတွင် အမေရိကန်၏ ခြေလျင်တပ်များဝင်ရောက်ခွင့်ကို ရှင်းရှင်းလင်းလင်း ပိတ်ပင်ထားသည့်အပြင် ဆီးရီးယား စစ်ပွဲ ပြီးဆုံးသည်ဖြစ်စေ၊ မပြီးဆုံးသည်ဖြစ်စေ ရက်ပေါင်း ၉၀ ထက်ပိုမိုကြာညောင်းသည့် တိုက်ခိုက်မှု မပြုလုပ်ရန်ရှင်းလင်းစွာ ကန့်သတ်ထားသည်။

လွှတ်တော်မှ တာဝန်ရှိသူ တစ်ဦးဖြစ်သည့် အက်ဒ်ရွိုက်စ်ကလွှတ်တော်ဥက္ကဋ္ဌနှင့် အုပ်ချုပ်မှုအဖွဲ့သည် ယခုအဆိုကို နောက်ဆုံးအကြိမ် သီးခြားစစ်ဆေး သုံးသပ်ပြီးမှ အတည်ပြုရန် သင့်မသင့် ကြေညာမည်ဟု ပြောကြားထားသည်။ဆီးရီးယား အရေးတွင် အမေရိကန် ပါဝင်လာနိုင်ခြေသည် ၂ နှစ်ကျော် ကြာမြင့်ခဲ့သည့် ပြည်တွင်းစစ်ကို အင်အားချိန်ခွင်လျှာ ပြောင်းလဲမှုများ ဖြစ်ပေါ်လာစေဖွယ်ရှိနေသည်။ အမေရိကန်၏ မဟာမိတ်ဖြစ်သည့် ဗြိတိန်မှာမူ လွှတ်တော်တွင်း မဲခွဲဆုံးဖြတ်ချက်အရ ဆီးရီးယားကို တိုက်မည်မဟုတ်ဟု အတည်ပြုထားပြီး ပြင်သစ်တွင်မူ တိုက်သင့်မတိုက်သင့် အမြင်ကွဲပြားမှုများရှိနေဆဲဟုသိရသည်။

# ကမ္ဘောဒီးယားတွင် အထည်ချုပ်စက်ရုံအလုပ်သမား ၇၀၀ အလုပ်ထုတ်ခံရသဖြင့် ဆန္ဒပြမှုများပေါ်ပေါက်



ကမ္ဘောဒီးယားနိုင်ငံတွင် အထည်ချုပ်စက်ရုံ အလုပ်သမား ၄,၀၀၀ ခန့်က လုပ်ဖော်ကိုင်ဖက် အလုပ်သမား အများအပြား ထုတ်ပယ်ခံရမှုကို မကျေနပ်၍ ယနေ့ စုရုံးဆန္ဒပြကြသည်။ ဆန္ဒပြအလုပ်သမားများမှာ ကမ္ဘာတစ်ဝန်း ဖြန့်ချိရောင်းချလျက်ရှိသည့် Gap နှင့် H&M အမှတ်တံဆိပ် အဝတ်အထည်များကို ချုပ်လုပ်ပေးနေသည့် အထည်ချုပ်စက်ရုံတစ်ခုမှဖြစ်သည်။၎င်းတို့ကစက်ရုံအခြေအနေနှင့်ပတ်သက်၍ အခွင့်အရေးတောင်းဆိုသည့် အလုပ်သမား ရာနှင့်ချီ၍ ထုတ်ပယ်ခံရမှုအပေါ် ကန့်ကွက်ဆန္ဒပြခြင်းဖြစ်သည်။

ကမ္ဘောဒီးယားတွင်ရှိသော စက်ာပူလုပ်ငန်းရှင်က ပိုင်ဆိုင်သည့် SL Garment Processing အထည်ချုပ်စက်ရုံ အလုပ်သမား ၇၀၀ မှာ ယမန်နေ့ (စက်တင်ဘာ ၄ ရက်၊ ဗုဒ္ဓဟူး) က အလုပ်မှ ထုတ်ပယ်ခံခဲ့ရသည်။ ဆန္ဒပြအလုပ်သမားများက အထည်ချုပ်စက်ရုံမှ ၆ မိုင်ခန့်ကွာဝေးသော ဖနွမ်းပင်မြို့တော်ခန်းမသို့ ချီတက်ကာ အလုပ်ထုတ်ခံရသူများအား အလုပ်ပြန်ခန့်ရန်နှင့် အစိုးရအနေဖြင့် ယခုအခြေအနေကို ကြားဝင်ဖြေရှင်းပေးရန် တောင်းဆိုခဲ့ကြသည်။ ကမ္ဘောဒီးယား အထည်ချုပ်စက်ရုံများတွင် လုပ်ခလစာနည်းပါးခြင်း၊ လုပ်ငန်းခွင်လုံခြုံရေးနှင့် လုပ်ငန်းခွင် အခြေအနေတို့အပေါ် အငြင်းပွားမှုများ မကြာမခဏပေါ်ပေါက်လေ့ရှိသည်။

လက်ရှိတွင် ကမ္ဘောဒီးယား အထည်ချုပ်အလုပ်သမားများ၏ လုပ်ခလစာမှာ တစ်လလျှင် အမေရိကန်ဒေါ်လာ ၁၁၀ နှင့်ညီမျှသည်။ ယခုဖြစ်ပေါ်နေသည့် အလုပ်သမားများ ဆန္ဒပြမှုအပေါ် အထည်ချုပ်စက်ရုံ တာဝန်ရှိသူများက မှတ်ချက်တစ်စုံတစ်ရာ ပြောကြားခြင်း မရှိသေးချေ။ ကမ္ဘောဒီးယားတွင် အထည်ချုပ်လုပ်ငန်း၌ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ဒေါ်လာဘီလျံများစွာရှိပြီး အထည်ချုပ်စက်ရုံ အလုပ်သမား ပေါင်း ၆၅၀,၀၀၀ ခန့် လုပ်ငန်းခွင်တွင် လုပ်ကိုင်လျက်ရှိသည်။ အထည်ချုပ်လုပ်ငန်းများမှာ ကမ္ဘောဒီးယားအတွက် အဓိက ဝင်ငွေအရင်းအမြစ်တစ်ခုလည်း ဖြစ်သည်။

## ယနေ့သတင်းတိုများ

- ဘာရာဇီးလ်သမ္မတ ရှုဆွတ်ဖ်ဒယ်လ်မာ၏ အမေရိကန်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်သွားရောက်ရန် အစီအစဉ်အား ဖျက်သိမ်းလိုက်ပြီဖြစ်သည်။ အမေရိကန်အမျိုးသားထောက်လှမ်းရေးဌာန (NAS) က ဘာရာဇီးလ်အစိုးရအပေါ် လျှို့ဝှက် ထောက်လှမ်းမှုများ ပြုလုပ်ခဲ့ကြောင်း စွပ်စွဲချက်များကြောင့် ဘာရာဇီးလ်သမ္မတသည် အိမ်ဖြူတော်သို့ သွားရောက်မည့် ခရီးစဉ်အပေါ် ပြန်လည် သုံးသပ်စဉ်းစားနေခဲ့ရာမှ ယခုအခါ အဆိုပါခရီးစဉ်ကို ဖျက်သိမ်းလိုက်ခြင်း ဖြစ်သည်။

- စင်္ကာပူနိုင်ငံတွင် ယနေ့နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေရာအများအပြားတွင် ရေကြီးမှုများ ဖြစ်ပေါ်ခဲ့သည်။ Commonwealth Drive နှင့် Commonwealth Avenue၊ Alexandra Road, Lorong Kismis, South Bridge လမ်းနှင့် Maxwell လမ်းဆုံ၊ Cuscaden လမ်းနှင့် Tomlinson လမ်းဆုံ၊ Ayer Rajah Expressway အမြန်လမ်းမတစ်လျှောက်တို့တွင် ရေကြီးမှုများ ဖြစ်ပေါ်နေကြောင်း Channel NewsAsia သတင်းကပြောကြားသည်။

- အမေရိကန်နှင့် မဟာမိတ်နိုင်ငံအချို့က ဆီးရီးယားကို စစ်ရေးအရ တိုက်ခိုက်ရန် ပြင်ဆင်နေဆဲတွင် နာမည်ကျော် Anonymous ဟက်ကာအုပ်စုက ဆီးရီးယားအစိုးရ၏ အီလက်ထရောနစ်စစ်တပ် (Syrian Eletronic Army) ကို ဆိုက်ဘာတိုက်ခိုက်မှု ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ Anonymous သည် Syrian Electronic Army ၏ဆာဗာတစ်ခုကို ဖေဖော်ဝါရီလကတည်းက ထိုးဖောက်ဝင်ရောက်ခဲ့ပြီး ၎င်းတို့ ရယူနိုင်ခဲ့သည့် အချက်အလက်များကို ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ထုတ်ပြန်ခဲ့သည်။

- ထိုင်းနိုင်ငံတွင် ထောင်နှင့်ချီသော ရာဘာခြံလုပ်ငန်း လုပ်ကိုင်သူများက ယမန်နေ့က စုရုံးဆန္ဒပြခဲ့ကြသည်။ ရာဘာဈေးနှုန်းများ ထိုးကျမှုကြောင့် ရာဘာလုပ်ငန်းများအား အစိုးရအနေဖြင့် ကူညီထောက်ပံ့ပေးရန် တောင်းဆိုခဲ့ကြသည်။ ဒေါသတကြီးဖြစ်နေသည့် ဆန္ဒပြသူများက ထိုင်းနိုင်ငံတောင်ပိုင်းရှိ လေဆိပ်တစ်ခုသို့သွားရာ လမ်းမအား ပိတ်ဆို့ထားခဲ့ကြောင်း သိရသည်။

- Microsoft ၏ Xbox One ဂိမ်းစက်ကို လာမည့် နိုဝင်ဘာ ၂၂ ရက်နေ့တွင် မိတ်ဆက်သွားမည်ဖြစ်သည်။ Xbox 360 ကို မိတ်ဆက်ရောင်းချပြီးနောက် ၈ နှစ်အကြာတွင် Xbox One ကို Microsoft ကပွဲထုတ်လာခြင်းဖြစ်သည်။ Xbon One ကို ကနဦးအနေဖြင့် နိုင်ငံပေါင်း ၁၃ နိုင်ငံတွင် ရောင်းချသွားမည်ဖြစ်ပြီး အခြား နိုင်ငံများတွင် ၂၀၁၄ ခုနှစ်၌ ရောင်းချမည်ဖြစ်သည်။

- လူမှုဆက်သွယ်ရေးကွန်ရက် ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် LinkedIn သည် အမေရိကန်ဒေါ်လာ တစ်ဘီလျံတန်ဖိုးပမာဏရှိ ၎င်း၏ စတော့ရှယ်ယာများကိုရောင်းချသွားရန် စီစဉ်ထားကြောင်း သိရသည်။

- အင်တာနက်ဝန်ဆောင်မှုကုမ္ပဏီ ယာဟူး (Yahoo!) သည် အသစ်ပြောင်းလဲထားသည့် ၎င်းတို့၏ ကုမ္ပဏီအမှတ်တံဆိပ်(Logo)ကိုမိတ်ဆက်လိုက်သည်။အမှတ်တံဆိပ်အသစ်ကို ယနေ့ညပိုင်းတွင် ကမ္ဘာတစ်ဝန်း အသုံးပြုသူများ စတင်မြင်တွေ့ရမည်ဟု ယာဟူးက ပြောကြားသည်။

- ပုပ်ရဟန်းမင်းကြီးသည် ဆီးရီးယားနိုင်ငံအား အမေရိကန်က စစ်ရေးအရ တိုက်ခိုက်မည့်အစီအစဉ်ကို ဆန့်ကျင်သည့်အနေဖြင့် ဝတ်ပြုဆုတောင်းပွဲကို စနေနေ့တွင် စိန့်ပီတာရင်ပြင်၌ ပြုလုပ်သွားမည်ဖြစ်သည်။

- အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (FA) ၏ ဥက္ကဋ္ဌသစ် Greg Dyke က အင်္ဂလန်လက်ရွေးစင်ဘောလုံးအသင်းအနေဖြင့် ယူရို ၂၀၂၀ ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ရေးနှင့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဖြစ်ရန် ရည်မှန်းထားသင့်ကြောင်း တိုက်တွန်းလိုက်သည်။ အင်္ဂလန်ဘောလုံးအသင်း၏ အနာဂတ်အတွက် စိုးရိမ်ပူပန်မိကြောင်းလည်း ၎င်းက ဝန်ခံပြောကြားသည်။



# 2013 BMW i8 Concept ကားကို စတင်မိတ်ဆက်မည်

BMW မော်တော်ကား ကုမ္ပဏီသည် ကာလရှည်ကြာ နာမည်ကြီးနေခဲ့သည့် ၎င်းတို့၏ မျိုးစပ်နည်းပညာသုံး Spyder i8 Concept မော်တော်ကားကို မကြာမီ ထုတ်ဖော်ပြသသွားမည်ဟု သိရှိရသည်။ BMW i8 ၏ မျိုးကွဲဖြစ်သော ယခုမော်တော်ကား၏ ဓာတ်ပုံများကို BMW ကပြသဖူးသော်လည်း လုံးဝအပြီးသတ်အဆင့် တီထွင်အဆင့်မြှင့်ပြီး မော်တော်ကားကိုမူ ဂျာမနီနိုင်ငံ၊ ဖရန့်ဖတ်မြို့တွင် ကျင်းပမည့် မော်တော်ကားပြပွဲမှ စတင်မိတ်ဆက်သွားမည်ဖြစ်သည်။ ယင်းပြပွဲကို စက်တင်ဘာ ၁၀ ရက်နေ့တွင် စတင်ကျင်းပရန် စီစဉ်ထားသည်။ ဂျာမနီ မော်တော်ယာဉ်လုပ်ငန်းစုကြီး BMW သည် မော်တော်ကား၏ စွမ်းဆောင်ရည်နှင့် ပတ်သက်သော မှတ်တမ်း ဗီဒီယို အချို့ကိုလည်း ရိုက်ကူးထားပြီးဖြစ်သည်။ Spyder i8 သည် ၂၀၁၄ ခုနှစ် အစောပိုင်းတွင် BMW ပရိသတ်များအတွက် စတင်ဝယ်ယူခွင့် ရရှိလာစေမည်ဟု သိရသည်။

၂၀၁၁ ခုနှစ်ကစတင်၍ မိတ်ဆက်ခဲ့သော Spyder i8 စီမံကိန်းသည် အဆင့်ဆင့် မွမ်းမံမြှင့်တင်မှုများကြောင့် နှစ်ချီကြာမြင့်ခဲ့သည်။ ဒီဇယ်နှင့် လျှပ်စစ်စွမ်းအင်နှစ်မျိုးကို ပေါင်းစပ်ဖြည့်တင်းနိုင်သော မော်တော်ကားသည် မြင်းကောင်ရေ ၃၅၄ ကောင်အား မော်တာကို တပ်ဆင်ထားသည်။ အဆိုပါမော်တော်ကားသည် အမြန်ဆုံး တစ်နာရီ ကီလိုမီတာ ၂၅၀ နှုန်းထိ အရှိန်မြှင့် မောင်းနှင်နိုင်မည်ဖြစ်ကာ ရပ်နားထားရာမှ တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ မြန်နှုန်းထိရောက်ရှိအောင် ၄.၆ စက္ကန့်သာ အချိန်ယူရန် လိုအပ်ကြောင်း သိရသည်။


BMW ၏ i line မော်တော်ကားစီးရီးများ၏ နောက်ဆုံးပေါ်လက်ရာ ဖြစ်လာမည့် i8 သည် ကီလိုမီတာ ၁၀၀ မောင်းနှင်ပြီးချိန်တွင်မှ ဆီစားနှုန်း ၂.၇ လီတာသာ ရှိမည်ဟုလည်းဆိုသည်။ ယခုမော်တော်ကားပြပွဲတွင် i line မော်တော်ကားမျိုးဆက်ထဲမှ i3 ၏ ၂၀၁၃ ခုနှစ်အတွက် Concept မော်ဒယ်လ်ကိုလည်း ပြသသွားမည်ဖြစ်သည်။ လုံးဝဥဿုံ လျှပ်စစ်စွမ်းအင်ကိုသာ အသုံးပြုသော မော်တော်ကားသည် တစ်ကြိမ်အားသွင်းပြီးလျှင် ကီလိုမီတာ ၁၆၀ ထိ မရပ်မနား မောင်းနှင်နိုင်သည်။ သာမန်အားဖြင့် ယင်းကဲ့သို့ သွားလာမောင်းနှင်မှုမျိုးကြောင့် ကာဗွန်ဒိုင်အောက်ဆိုက် ထွက်ပေါ်မှု လုံးဝမရှိနိုင်ဟုလည်း BMW ကပြောကြားထားသည်။

BMW သည် i3 မော်ဒယ်လ်သစ်ကို ယခုနှစ်ကုန်ပိုင်းတွင် ဈေးကွက်စဖြန့်ပြီး Spyder i8 ကို ၂၀၁၄ နှစ်ဆန်းပိုင်းမှ ရောင်းချသွားရန် ရည်ရွယ်ထားသည်။ဖရန့်ဖတ်ပြပွဲတွင် ယင်းမော်တော်ကားများ၏ ဈေးနှုန်းကိုလည်း BMW က အတည်ပြုကြေညာသွားမည်ဖြစ်ကြောင်း သိရှိရသည်။

၇ ရက် နေ့စဉ်သတင်းစာ
7DAY DAILY
INSIGHT, IN DEPTH & INDEPENDENCE
အိမ်အရောက် ပို့ပေးနေပါပြီ
၀၉ ၇၃၀ ၅၃၃၂၀
၀၉ ၇၃၂၀၈၉၀၇







## အာဏာရှင်၏ နောက်ဆုံးနေ့ရက်များ ပြတိုက်



## ပြတိုက်တွင် နီကိုလေးတို့ဇနီးမောင်နံ သေဆုံးခါနီး နောက်ဆုံး ၂ ရက်တာအတောအတွင်း ရှင်သန်နေထိုင် ဖြတ်သန်းမှုမှတ်တမ်းများကို စုဆောင်းပြသထား

အာဏာရှင်၏ နောက်ဆုံးနေ့ရက်များ မှတ်တမ်းပြတိုက်တစ်ခုကို ရိုမေးနီးယားနိုင်ငံတွင် ပထမဆုံးအကြိမ် ဖွင့်လှစ်ပြသသွားမည်ဟု သိရသည်။

ရိုမေးနီးယားကို ကွန်မြူနစ်စနစ်ကျင့်သုံးပြီး အာဏာရှင်အဖြစ် အုပ်ချုပ်ခဲ့သော နီကိုလေးကူအာဆက်စ်ကူနှင့် ဇနီးဖြစ်သူ အဲလီနာတို့ကို လွန်ခဲ့သည့် နှစ်ပေါင်း ၂၈ ကျော်က အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများဖြင့် စွဲချက်တင် သေဒဏ်ပေးခဲ့ပြီး ယခုအခါ ၎င်းအာဏာရှင်နှင့်ဆက်နွယ်သည့် ပြတိုက်ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ အထူးသဖြင့် ယင်းပြတိုက်တွင် နီကိုလေးတို့ဇနီးမောင်နံ သေဆုံးခါနီး နောက်ဆုံး ၂ ရက်တာအတောအတွင်း ရှင်သန်နေထိုင် ဖြတ်သန်းမှုမှတ်တမ်းများကို စုဆောင်းပြသထားသည်။

ဒီမိုကရေစီလိုလားသော အုံကြွမှုများနှင့်အတူ ဘဝအဆုံးသတ်ခဲ့သည့် နီကိုလေး၏ နောက်ဆုံးနေ့ရက်များပြတိုက်မှာ တာဂိုဗစ္စတာရှိ စစ်ဘက်အဆောက်အအုံဟောင်း တစ်နေရာတွင် ထားရှိခဲ့ခြင်းဖြစ်သည်။ တာဂိုဗစ္စတာသည် မြို့တော်ဘူခါရက်စ်မှ အနောက်မြောက်ဘက် မိုင် ၅၀ မျှအကွာတွင် တည်ရှိသော မြို့လည်းဖြစ်သည်။ ပြတိုက် ပြုလုပ်ထားသည့် စစ်ဘက်အဆောက်အအုံတွင် တစ်ချိန်က နီကိုလေးတို့ ဇနီးမောင်နံကို ရုံးတင်စစ်ဆေးကာ သေဒဏ်ပေးခဲ့သည်။ နီကိုလေးသည် ရိုမေးနီးယားကို ၂၅ နှစ်နီးပါးမျှ သံမဏိစည်းမျဉ်းများဖြင့် တစ်သွေး၊ တစ်သံ၊ တစ်မိန့် အုပ်ချုပ်ခဲ့သူဖြစ်သည်။

ပြတိုက်သို့ သွားရောက်ကြည့်ရှုသူများသည် နီကိုလေးတို့ဇနီးမောင်နံ နောက်ဆုံး အသုံးပြု စားသောက်ခဲ့သည့် သံမဏိပန်းကန်ပြားများကို တွေ့မြင်နိုင်မည်ဖြစ်သလို ၎င်းတို့နှစ်ဦး အိပ်စက်ခဲ့သည့် ကုတင်များကိုလည်း လေ့လာခွင့်ရှိမည်ဟု ဆိုသည်။ ထို့အပြင် တက်သုတ်ရိုက် ဖွဲ့စည်းထားသည့် တရားစီရင်ရာ အခန်းငယ်လေးကိုလည်း ထိုစဉ်က ပုံစံအတိုင်း အပြောင်းအလဲမရှိ ထိန်းသိမ်းထားသည်ကို တွေ့ရှိနိုင်မည်ဟုသိရသည်။ အဆိုပါ တရားစီရင်ရာ နေရာလေးတွင်ပင် ၁၉၈၉ ခုနှစ်၊ ခရစ္စမတ်နေ့တွင် နီကိုလေးတို့ ဇနီးမောင်နံကို သေနတ်ဖြင့် ပစ်သတ်ခဲ့ခြင်းဖြစ်သည်။ သေဒဏ်စီရင်သည့်နေရာကို မှန်အကာအရံများဖြင့် ထားရှိပြသထားသည်။

အင်္ဂါနေ့က ရိုမေးနီးယားစစ်တပ်မှ ဗိုလ်ချုပ် အန်ဒရီကီမန်ဆီက သတင်းထောက်များကိုဦးဆောင်ကာ ပြတိုက်အတွင်း လှည့်ပတ်ရှင်းလင်းပြသခဲ့သည်။ အန်ဒရီသည် ထိုစဉ်က မြို့စောင့်တပ်မှူးအဖြစ် တာဝန်ထမ်းဆောင်နေခဲ့သူလည်းဖြစ်သည်။ "သူ့ရဲ့နောက်ဆုံးနေ့တွေမှာ နီကိုလေးက စားစရာ ပေါင်မုန့်ညိုနဲ့ သကြားလုံးလောက်ပဲပေးလို့ ဆိုပြီး မကျေမနပ်ဖြစ်ခဲ့သေးတယ်" ဟု ဗိုလ်ချုပ်အန်ဒရီက အမှတ်တရဆိုသည်။ နီကိုလေးသည် အဝတ်အစားလဲပေးရန် တောင်းဆိုခဲ့သေးသလို စစ်တန်းလျား ကင်တင်းတစ်ခုတွင် အသုံးပြုရန် မိမိထံမှ ပိုက်ဆံချေးဖူးကြောင်းလည်း အင်ဒရီက ဆက်လက်ပြောကြားခဲ့သည်။

၁၉၈၉ ခုနှစ်က နီကိုလေး၏သစ္စာတော်ခံ ရိုမေးနီးယားစစ်တပ်သည် ကွန်မြူနစ်စနစ်ကိုဆန့်ကျင်ပြီး ဒီမိုကရေစီစနစ်ကိုလိုလားသော ဆန္ဒပြသူ ၁၀၀၀ ကျော်ကို ပစ်သတ်ခဲ့သည်။ ယင်းတို့အနက် အများစုသည် လက်နက်မဲ့ အရပ်သားများဖြစ်သည်။ ထိုနှစ်၏ ဒီဇင်ဘာ ၂၂ ရက်နေ့တွင် နီကိုလေးသည် အခြေအနေဆိုးရွားလာသည့် ဘူခါရက်စ်မြို့တော်ကို ရဟတ်ယာဉ်တစ်စင်းဖြင့် စွန့်ခွာထွက်ပြေးခဲ့သည်။ ၎င်းအလွန် အားထားရသည့် ကာကွယ်ရေးဝန်ကြီး ဗာဆီလီမီလီရာသည် မိမိကိုယ်ကိုယ် အဆုံးစီရင်လိုက်ပြီးနောက် ရဟတ်ယာဉ်ပိုင်းလော့နှင့် ၎င်း၏လူယုံများကပါ စွန့်ပစ်ခဲ့သည့်အခြေအနေကို နီကိုလေးတို့ဇနီးမောင်နံ ကြုံတွေ့ခဲ့ရသည်။

ထို့နောက် ၎င်းတို့နှစ်ဦး ခြေလျင်ထွက်ပြေးခဲ့ပြီး တာဂိုဗစ္စတာတွင် ရဲတပ်ဖွဲ့၏ဖမ်းဆီးခြင်းကို ခံခဲ့ရပြီး ယင်းမြို့လေးတွင်ပင် တရားရုံးဖွဲ့စစ်ဆေးမှုကို ကြုံခဲ့ရသည်။ စစ်ဆေးမှုသည် ၂ နာရီသာကြာမြင့်ခဲ့ပြီး စီရင်ချက် ချမှတ်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က နီကိုလေးဘက်မှ လျှောက်လှဲသည့် ဥပဒေအကျိုးဆောင်များက မိမိတို့သည် ပြင်ဆင်ချိန် လုံးဝမရှိကြောင်း ပြောကြားခဲ့သလို တရားခွင်သို့ သက်သေအဖြစ်ရောက်ရှိလာသည့် နီကိုလေး၏လူယုံဟောင်းများကို သစ္စာဖောက်များဟုစွပ်စွဲခဲ့ဖူးသည်။ ထို့နောက် တရားရုံးစီရင်ချက်အတိုင်း ထိုအဆောက်အအုံ ခြံဝင်းအတွင်းတွင်ပင် နီကိုလေးတို့ဇနီးမောင်နံကို သေနတ်ဖြင့် ပစ်သတ်ခဲ့ခြင်းဖြစ်သည်။

ပြတိုက်ကို ယခုလနှောင်းပိုင်းတွင် အများပြည်သူများအတွက် စတင်ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး ဝင်ကြေးကို ၇ လိုင် (၂.၁ ဒေါ်လာ) သတ်မှတ် ကောက်ခံသွားမည်ဟု သိရှိရသည်။



P 019

In Collaboration with the Directorade of Investment and company administration

# CROSSROADS



www.crossroadsmyanmar.com